အနှစ်ချုပ်အစီရင်ခံစာ

JUSTICE FOR MYANMAR

ဇန်နဝါရီ၊ ၂၀၂၃။

# မြန်မာနိုင်ငံက တရားမဝင်စစ်အုပ်စုကို ပံ့ပိုးပေးနေတဲ့ နိုင်ငံတကာအစိုးရတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၆၀ ကျော်ကို အစီရင်ခံစာသစ်မှာ ဖော်ထုတ်ထား

## အကျဉ်းချုပ်


မြန်မာနိုင်ငံက တရားမဝင်စစ်အုပ်စုကို ပံ့ပိုးကူညီမှုတွေ ပေးနေကြတဲ့ နိုင်ငံတကာအစိုးရတွေ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းတွေ၊ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းတွေနဲ့ အခြားသော နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၆၀ ကျော်ရဲ့ အသေးစိတ်အချက်အလက်တွေကို အခုအသစ်ထွက်ရှိတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အဲ့ဒီ အစီရင်ခံစာ **"အာဏာရှင်စနစ်တစ်ရပ် ဖော်ဆောင်ခြင်း - တရားမဝင်မြန်မာစစ်အုပ်စုကို အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများနှင့် ရပ်တန့်အောင် လုပ်ဆောင်ရမည့်အရာများ"** မှာ စစ်အုပ်စုအနေနဲ့ နိုင်ငံတကာ ဆုံးဖြတ်ချက်ချရေးဖိုရမ်တွေမှာ တက်ရောက်ခွင့်ရတာ၊ ဖွံ့ဖြိုးရေးအကူအညီတွေ၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ၊ ချေးငွေတွေ၊ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းတွေအပြင်၊ တခြားအရာတွေကတဆင့် နိုင်ငံရေးနဲ့ ဘဏ္ဍာရေးအရ အကျိုးအမြတ်တွေရရှိနေတဲ့ နည်းလမ်းတွေကို ဖော်ပြထားပါတယ်။ အဲ့ဒီအစီရင်ခံစာမှာ ဒီပံ့ပိုးမှုပုံစံတွေကို သရုပ်ဖော်ပြနေတဲ့ အသေးစိတ်ဖြစ်ရပ်လေ့လာမှု ၁၈ ခု ပါဝင်ပြီး၊ တရားမဝင် စစ်အုပ်စုအတွက် နောက်ထပ်ငွေကြေးတွေ၊ အရင်းအမြစ်တွေနဲ့ အာဏာတွေရရှိနေတာမျိုး မရှိစေဖို့ လုပ်ဆောင်ရမယ့်အရာတွေအတွက် ရှင်းလင်းတိကျတဲ့ အကြံပြုချက်တွေကို ပေးအပ်ထားပါတယ်။

## သိဖို့အချက်အလက်တွေ




- စစ်အုပ်စုက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ တရားမဝင် အာဏာသိမ်းကြိုးပမ်းမှု နောက်ပိုင်း မြန်မာနိုင်ငံမှာ လူပေါင်း ၂,၈၀၀ ကျော်ကို သတ်ဖြတ်ထားခဲ့ပြီး၊ လူပေါင်း ၁၇,၀၀၀ ကျော်လည်း ဖမ်းဆီးခံထားရပါတယ်။
- စစ်အုပ်စုကို နိုင်ငံရေးနဲ့ / သို့တည်းမဟုတ် ငွေကြေး အထောက်အပံ့ပေးအပ်မှုတွေမှာ ပါဝင်ပတ်သက်သူတွေက နိုင်ငံတကာအစိုးရ ၂၂ ခု၊ နိုင်ငံတကာ အစိုးရအဖွဲ့အစည်း ၂၆ ဖွဲ့ (ကုလသမဂ္ဂအဖွဲ့အစည်း ၁၄ ဖွဲ့ အပါအဝင်)၊ နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်း ၈ ဖွဲ့နဲ့ အခြားနိုင်ငံတကာ အဖွဲ့အစည်း ၈ ဖွဲ့တို့ ပါဝင်ပါတယ်။
- အစီရင်ခံစာမှာ ဖြစ်ရပ်လေ့လာမှု ၁၈ ခုနဲ့ နမူနာဖြစ်ရပ်များစွာတို့ရဲ့ အသေးစိတ် အချက်အလက်တွေနဲ့ အထောက်အထားတွေ ပါဝင်ပါတယ်။

## အဓိက ဖော်ထုတ်ထားတဲ့ အကြောင်းအရာတွေ

အဲ့ဒီအစီရင်ခံစာမှာ အဓိကဆွေးနွေးတဲ့ အကြောင်းအရာတွေနဲ့ သူတို့ကို ဥပမာပေး ရှင်းလင်းထားတဲ့ ဖြစ်ရပ်လေ့လာမှုတွေကို စစ်အုပ်စုအတွက် အဓိကပံ့ပိုးမှုအမျိုးအစား ၄ မျိုးအဖြစ် အုပ်စုခွဲထားပါတယ်။

- သံတမန်ဆက်ဆံရေးကနေတဆင့် စစ်အုပ်စုကို နိုင်ငံတကာဖိုရမ်တွေမှာ မြန်မာနိုင်ငံကိုယ်စား ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်အောင် **တရားဝင်မှုပေးအပ်တဲ့ လုပ်ရပ်တွေကတဆင့် နိုင်ငံရေးဆိုင်ရာပံ့ပိုးမှု**။
- စစ်အုပ်စုနဲ့ ၎င်းတို့ရဲ့ အကျိုးစီးပွားကို ထမ်းဆောင်နေသူတွေကို **အသိပညာနဲ့ ကျွမ်းကျင်မှုတွေ လွှဲပြောင်းပေးမှု**။

- စစ်အုပ်စုအတွက် ဘဏ္ဍာရေးနဲ့ မဟာဗျူဟာအရအရေးပါတဲ့ **အခြေခံအဆောက်အဦးတွေ တည်ဆောက်တာအပါအဝင် ဖွံ့ဖြိုးရေးအကူအညီအဖြစ်** ငွေပေးချေတာ၊ ချေးငွေထုတ်ပေးတာ၊ စစ်အုပ်စုထိန်းချုပ်ထားတဲ့ကုမ္ပဏီတွေနဲ့ စီးပွားရေးလုပ်ငန်းတွေဆီက တိုက်ရိုက်ဝယ်ယူတာ သို့မဟုတ် သွယ်ဝိုက်ပြီး စီးပွားရေးလုပ်ဆောင်တာတွေက တဆင့် **ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှု**။
- စစ်တပ်နဲ့ ဆက်နွယ်တဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ဟိုတယ်ခန်းတွေ၊ ရုံးခန်းတွေနဲ့ လူနေအိမ်တွေ စတဲ့ ပ**ိုင်ဆိုင်မှုပစ္စည်းတွေငှားရမ်းမှု**။

## အဓိကတွေ့ရှိချက်တွေ [redacted]

**နိုင်ငံရေးဆိုင်ရာပံ့ပိုးကူညီတဲ့** လုပ်ဆောင်ချက်တွေမှာ ပါဝင်ခဲ့တဲ့ အစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်း ပေါင်း **၄၅ ဖွဲ့** တို့မှာ -

- ကုလသမဂ္ဂအဖွဲ့အစည်း ၅ ဖွဲ့ အပါအဝင် စစ်အုပ်စုကို သူတို့ရဲ့ ခန့်အပ်လွှာတွေ ပေးတာ / သို့မဟုတ် သဘောတူစာချုပ်တွေ လက်မှတ်ရေးထိုးတာ ၁၂ ခု။
- အစိုးရ ၁၀ ဖွဲ့နဲ့ ကုလသမဂ္ဂအဖွဲ့အစည်း ၈ ဖွဲ့အပါအဝင် စစ်အုပ်စုအဖွဲ့ဝင်တွေကို အစည်းအဝေးနဲ့ အခမ်းအနားတွေမှာ မြန်မာနိုင်ငံကိုယ်စားပြုပြီး တက်ရောက်စေခဲ့တဲ့ ၂၇ ဖွဲ့။
- စစ်အုပ်စု ကျင်းပတဲ့ စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့တဲ့ နိုင်ငံတကာအစိုးရ ကိုယ်စားလှယ် ၈ ဦး တို့ ပါဝင်ပါတယ်။

အစီရင်ခံစာမှာ မြန်မာစစ်အုပ်စုအတွက် နိုင်ငံရေးဆိုင်ရာ ပံ့ပိုးမှုတွေကို **တရုတ်နိုင်ငံ**နဲ့ **ရုရှားနိုင်ငံ**တို့ဆီက သိသိသာသာထင်ထင်ရှားရှား တိုးမြှင့်ရရှိခဲ့တာကိုလည်း တွေ့ရှိခဲ့ပါတယ်။

**ဂျပန်နိုင်ငံ**နဲ့ **အိန္ဒိယနိုင်ငံ**တို့ဟာ စစ်အုပ်စုကို ပုံစံမျိုးစုံနဲ့ပံ့ပိုးမှုတွေ ပေးနေတဲ့ အရေးပါတဲ့ပံ့ပိုးသူတွေ အဖြစ် ထွက်ပေါ်လာခဲ့ပါတယ်။

အစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်း **၁၂ ဖွဲ့** တို့က နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်ရပ်လေ့လာမှုတစ်ခုမှာ ဂျပန်နိုင်ငံက မြန်မာစစ်တပ် တပ်ဖွဲ့တွေကို **လေ့ကျင့်သင်ကြားမှုတွေ** ဆက်လက်ပေးအပ်နေကြောင်းနဲ့ အဲ့ဒီလေ့ကျင့်သင်ကြားရေး အစီအစဉ်က ဘွဲ့ရရှိခဲ့တဲ့ အနည်းဆုံးကျောင်းဆင်းတစ်ယောက်ဟာ ၂၀၂၁ ခုနှစ် စစ်တပ်ရဲ့တိုက်ခိုက်မှုတွေမှာ ပါဝင်ထားခဲ့တာကို တွေ့ရှိခဲ့ပါတယ်။

နိုင်ငံတကာအစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်း **၁၆ ဖွဲ့**တို့ဟာ အာဏာသိမ်းကြိုးပမ်းမှု လုပ်နေတဲ့ကြားက နိုင်ငံတကာအစိုးရတွေက ငွေကြေးအရကျောထောက်နောက်ခံပြုထားတဲ့ အရေးပါတဲ့ သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အဦး စီမံကိန်း ၃ ခုအပါအဝင်၊ **ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှု** ပေးအပ်တဲ့ ဒါမှမဟုတ် ပေးအပ်မယ့်အန္တရာယ်ကိုဖြစ်စေတဲ့ စီမံကိန်းတွေအကောင်အထည်ဖော်ဖို့နဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို ရှေ့ဆက်လုပ်ဖို့ ကြိုးပမ်းလျက်ရှိတဲ့ လုပ်ဆောင်ချက်တွေမှာ ပါဝင်ခဲ့ပါတယ်။

စစ်အုပ်စုအတွက် အကျိုးအမြတ်ရရှိစေနိုင်တဲ့ ပိုင်ဆိုင်မှုငှားရမ်းမှုတွေမှာ နိုင်ငံတကာအစိုးရတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်း ၁၁ ဖွဲ့ ပါဝင်ပါတယ်။ ဩစတြေးလျနဲ့ နော်ဝေအစိုးရတို့က စစ်အုပ်စုရဲ့ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း စစ်တပ်ဆက်နွှယ်ဟိုတယ်တွေမှာ အမေရိကန် ဒေါ်လာ ၂ သန်းကျော်ကို သုံးစွဲထားပါတယ်။

အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အဖွဲ့အစည်းတွေထဲက **၁၃ ဖွဲ့**ဟာ စစ်အုပ်စုအတွက် သူတို့ရဲ့ပံ့ပိုးမှုတွေကို ရပ်တန့်ဖို့ အရေးယူဆောင်ရွက်မှုတွေကို မကြာသေးမီက လုပ်ဆောင်ထားပါတယ်။

စစ်အုပ်စုကို ပံ့ပိုးမှုတွေပေးတာကြောင့် အရေးပါတဲ့ **ဥပဒေကြောင်းဆိုင်ရာ အကျိုးဆက်**တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နိုင်ငံတကာဥပဒေအရ နိုင်ငံတစ်နိုင်ငံအနေနဲ့ တခြားနိုင်ငံတစ်နိုင်ငံက ရွေးချယ်ထားတဲ့ အစိုးရကို အသိအမှတ်မပြုဘဲ၊ အစိုးရတစ်ရပ်ကို အသိအမှတ်ပြုတာနဲ့ တခြားနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဝင်ရောက်စွက်ဖက်တာဟာ အခြေခံမူအားဖြင့် ဥပဒေနဲ့ညီညွတ်ခြင်း မရှိပါဘူး။ စစ်အုပ်စုဟာ တရားဝင်အစိုးရတစ်ရပ် မဟုတ်တဲ့အတွက် လွတ်မြောက်တဲ့မြန်မာနိုင်ငံအနေနဲ့ နောက်ပိုင်းမှာ စစ်အုပ်စုကို အသိအမှတ်ပြုခဲ့သူတွေဆီက နစ်နာမှုလျော်ကြေးတွေ တောင်းဆိုလာနိုင်ပါတယ်။

စစ်အုပ်စုအဖွဲ့ဝင်တွေ ဒါမှမဟုတ် စစ်တပ်ထိန်းချုပ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေလိုမျိုး ဒဏ်ခတ်ပိတ်ဆို့ထားတဲ့ အဖွဲ့အစည်းတွေရဲ့ ဘဏ်အကောင့်တွေဆီ ငွေပေးချေမှုတွေရှိခဲ့ရင် ပေးချေသူတွေအနေနဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို တိုက်ရိုက်ပဲဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ ချိုးဖောက်ရာရောက်နိုင်ပြီး၊ ငွေကြေးနဲ့ ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်တွေ ချမှတ်ခံရတာအပြင် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မယ့် အန္တရာယ်ကို ကြုံတွေ့ရနိုင်ပါတယ်။

ဥပဒေကို နားလည်သိရှိပြီးဖြစ်တယ်လို့ မှတ်ယူထားတဲ့အခြေအနေမှာ ကော်ပိုရေးရှင်းတွေ အပါအဝင် လူပုဂ္ဂိုလ်တွေအနေနဲ့ စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ ကြံရာပါ ပတ်သက်နေကြောင်းကိုလည်း တွေ့ရှိနိုင်ပါတယ်။

စစ်အုပ်စုအတွက် ပံ့ပိုးမှုတွေနဲ့ အထောက်အပံ့တွေဖြစ်စေတဲ့ လုပ်ရပ်တွေမှာ ပါဝင်ပတ်သက်နေတဲ့ နိုင်ငံစုံကုမ္ပဏီတွေအနေနဲ့ နိုင်ငံစုံစီးပွားရေးလုပ်ငန်းတွေအတွက် OECD လမ်းညွှန်ချက်တွေကို ချိုးဖောက်ရာ ရောက်နိုင်ပြီး၊ နိုင်ငံပေါင်း ၅၁ နိုင်ငံက တစ်နိုင်ငံမှာ မကျေနပ်မှုမှုတွေ တိုင်ကြားခံရတာနဲ့ နစ်နာမှုလျော်ကြေးတောင်းခံရတာတွေ များပြားလာစေမှာဖြစ်တယ်။

## နောက်ခံအကြောင်းအရာ

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလမှာ နိုင်ငံအဆင့်ဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ် ကျင်းပပြီးနောက်ပိုင်း မြန်မာစစ်ခေါင်းဆောင်တွေဟာ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ တရားမဝင် အာဏာသိမ်း ကြိုးပမ်းမှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ပါတယ်။ အဲ့အချိန်ကစပြီး စစ်အုပ်စုဟာတိုင်းပြည်ရဲ့ အဓိကအုပ်ချုပ်ရေးအဖွဲ့အစည်းတွေကို ထိန်းချုပ်ထားပါတယ်။

## အစီရင်ခံစာကို ရယူပါ။

အစီရင်ခံစာအား www.justiceformyanmar.org တွင် ရယူပါ။

SCAN ME

## စစ်အုပ်စုအား ပံ့ပိုးမှုများပေးအပ်ခြင်းကြောင့် အစီရင်ခံစာတွင် အမည်ဖော်ပြထားသည့် အဖွဲ့အစည်းများ

*၂၀၂၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကျေးလက်ဖွံ့ဖြိုးရေးဖိုရမ်* **2021 Global Rural Development Forum**

*အဆင့်မြင့်ခေါင်းဆောင်မှုဖောင်ဒေးရှင်း* **Advanced Leadership Foundation (ALF)**

*အာဆီယံအခြေခံအဆောက်အအုံရန်ပုံငွေအဖွဲ့* **ASEAN Infrastructure Fund**

*အာဆီယံစာရင်းစစ်အဖွဲ့အစည်းချုပ်* **ASEAN Supreme Audit Institutions (ASEANSAI)**

*အာရှပစိဖိတ်ဖိုရမ်* **Asia Pacific Forum (APF)**

*အာရှဖွံ့ဖြိုးရေးဘဏ်* **Asian Development Bank (ADB)**

*အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်* **Asian Infrastructure Investment Bank (AIIB)**

*အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)* **Association of Southeast Asian Nations (ASEAN)**

*ဩစတြေးလျအစိုးရ နိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဌာန* **Australian Government Department of Foreign Affairs and Trade**

*တရုတ်ဘဏ်* **Bank of China**

*ကဏ္ဍပေါင်းစုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဘင်္ဂလားပင်လယ်အော်အဖွဲ့အစည်း* **Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC)**

*ကွာလာလမ်ပူမြို့ရှိ ဗြိတိသျှမဟာမင်းကြီးရုံး* **British High Commission in Kuala Lumpur**

*တရုတ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန* **Chinese Government Ministry for Foreign Affairs**

**Colombo Plan** *ဝန်ထမ်းကောလိပ်* **Colombo Plan Staff College**

*မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး* **Embassy of China in Myanmar**

*မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး* **Embassy of India in Myanmar**

*မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံး* **Embassy of Korea in Myanmar**

*မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံရုံး* **Embassy of Norway in Myanmar**

*ဥရောပသမဂ္ဂ* **European Union (EU)**

*ဂျာမန်အစိုးရ ပြည်ထောင်စုနိုင်ငံခြားရေးရုံး* **German Government Federal Foreign Office**

*သြစတြေးလျအစိုးရ* **Government of Australia**

*ဘင်္ဂလားဒေ့ရှ်အစိုးရ* **Government of Bangladesh**

*ဘရူနိုင်းဒါရုစလမ်အစိုးရ* **Government of Brunei Darussalam**

*ကနေဒါအစိုးရ* **Government of Canada**

*တရုတ်အစိုးရ* **Government of China**

*အိန္ဒိယအစိုးရ* **Government of India**

*ဂျပန်အစိုးရ* **Government of Japan**

*လာအိုအစိုးရ* **Government of Laos**

*ပါကစ္စတန်အစိုးရ* **Government of Pakistan**

*ရုရှားအစိုးရ* **Government of Russia**

*ဆော်ဒီအာရေဗျအစိုးရ* **Government of Saudi Arabia**

*စင်္ကာပူအစိုးရ* **Government of Singapore**

*ထိုင်းအစိုးရ* **Government of Thailand**

*ဗြိတိန်အစိုးရ* **Government of the United Kingdom**

*ဗီယက်နမ်အစိုးရ* **Government of Vietnam**

*မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်*
**Greater Mekong Subregion Economic Cooperation Program (GMS)**

*မလေးရှားလူ့အခွင့်အရေးကော်မရှင်* **Human Rights Commission of Malaysia (SUHAKAM)**

*အိန္ဒိယအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန* **Indian Government Ministry of External Affairs**

*တရုတ်စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်* **Industrial and Commercial Bank of China**

*အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့* **International Civil Aviation Organization (ICAO)**

*အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ* **International Committee of the Red Cross *(ICRC)***

*ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း*
**International Organization for Migration (IOM)**

*နိုင်ငံတကာ ဆန်စပါးသုတေသနအဖွဲ့* **International Rice Research Institute (IRRI)**

*အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ* **International Telecommunication Union (ITU)**

*ဂျပန်အပြည်ပြည်ဆိုင်ရာတက္ကသိုလ်* **International University of Japan**

*အင်တာပိုလ်* **INTERPOL**

*ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ*
**Japan International Cooperation Agency (JICA)**

*ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့* **Japan Self-Defense Forces**

*ဂျပန်အစိုးရကာကွယ်ရေးဝန်ကြီးဌာန* **Japanese Government Ministry for Defense**

*လဲန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်* **Lancang Mekong Cooperation Forum (LMC)**

*အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်*
**MaxPlanck** *ဖောင်ဒေးရှင်း* **Max Planck Foundation for International Peace and the Rule of Law**

*ဂျပန်အမျိုးသားကာကွယ်ရေးအကယ်ဒမီ* **National Defense Academy of Japan**

မူဝါဒလေ့လာရေးဆိုင်ရာအမျိုးသားဘွဲ့လွန်အင်စတီကျု National Graduate Institute for Policy Studies (GRIPS)

ဂျပန်လွှတ်တော် Parliament of Japan

Japan Grant Aid (JDS) မှ
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာသင်ဆု ပရောဂျက်
Project for Human Resource Development Scholarship by Japanese Grant Aid (JDS)

ရုရှားအစိုးရကာကွယ်ရေးဝန်ကြီးဌာန Russian Government Ministry for Defense

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Shanghai Cooperation Organisation (SCO)

ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲညီလာခံ United Nations Biodiversity Conference

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ United Nations Children's Fund (UNICEF)

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် United Nations Development Programme (UNDP)

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ United Nations Educational, Scientific and Cultural Organization (UNESCO)

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ United Nations Food and Agriculture Organization (FAO)

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး United Nations High Commission for Refugees (UNHCR)

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး United Nations Office for the Coordination of Humanitarian Affairs (UNOCHA)

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး United Nations Office of Drugs and Crime (UNODC)

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် United Nations World Food Programme (WFP)

ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ United Nations World Tourism Organization (UNWTO)

အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ United States Agency for International Development (USAID)

ဗီယက်နမ် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
Vietnamese Ministry of Information and Communications

ကမ္ဘာ့ဘဏ် World Bank

ကမ္ဘာ့ဘဏ်အုပ်စု၏ နိုင်ငံစုံရင်းနှီးမြှုပ်နှံမှုအာမခံအေဂျင်စီ World Bank Group's Multilateral Investment Guarantee Agency (MIGA)

ကမ္ဘာ့အကောက်ခွန်အဖွဲ့ World Customs Organisation (WCO)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ World Health Organization (WHO)

* **မှတ်ချက်** - အစီရင်ခံစာမှာ အမည်ဖော်ပြထားတဲ့ အဖွဲ့အစည်း ၇၇ ဖွဲ့ ရှိပါတယ်။ ၁၃ ဖွဲ့က အမည်စာရင်း ဖော်ပြထားတဲ့ အစိုးရတွေ၊ လက်အောက်ခံ ဝန်ကြီးဌာနတွေနဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် သူတို့ကို အထက်မှာဖော်ပြထားတဲ့ အဓိကစာရင်းအချက်အလက်တွေမှာ သီးခြား မရေတွက်ထားပေ။